# ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ဝန်ဆောင်မှု အသုံးပြုခြင်းဆိုင်ရာသဘောတူစာချုပ်

## (Subscriber Agreement)

ဤသဘောတူစာချုပ်ကို ရန်ကုန်မြို့၌ ခုနှစ် လ ( ) ရက်နေ့တွင် ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက် (နောင်တွင် "YCA" ဟုရည်ညွှန်းခေါ်ဆို ရမည်ဖြစ်ပြီး ယင်းစကားရပ် တွင် စာသားများအရ သော် လည်းကောင်း အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင်ကွဲလွဲမှုမရှိပါက ယင်း၏တရားဝင် ကိုယ်စားလှယ် များ၊ ဆက်ခံသူ များနှင့် ဥပဒေအရ လွှဲအပ်ခြင်းခံရသူများပါဝင်သည်ဟု မှတ်ယူရမည်) ၏ကိုယ်စား က တစ်ဖက်

**နှင့်**

အစိုးရဌာနဆိုင်ရာများ(-----------------------------------ဝန်ကြီးဌာန၊----------------------------------------) အဖွဲ့အစည်း ( ကုမ္ပဏီ/ အဖွဲ့အစည်း) / ပုဂ္ဂလိက (ဦး/ဒေါ်------------------------------------------ -----) (နောင်တွင် သုံးစွဲသူ "Subscriber" ဟုရည်ညွှန်းခေါ်ဆိုမည်ဖြစ်ပြီး ယင်းစကားရပ်တွင် စာသားများ အရသော်လည်းကောင်း အဓိပ္ပါယ်အရသော်လည်းကောင်း ရှေ့နောက်ဆန့်ကျင်ကွဲလွဲမှုမရှိပါက ယင်း၏ တရားဝင်ကိုယ်စားလှယ်များ ဆက်ခံသူများနှင့် ဥပဒေ အရလွှဲအပ်ခံရသူများပါဝင်သည်ဟုမှတ်ယူရမည်) ၏ကိုယ်စား ဦး/ဒေါ် --------------------------------------၊ က တဖက် တို့သည်အောက်ဖော်ပြပါ စည်းမျဉ်းစည်းကမ်းများ နှင့် အညီလိုက်နာ၍ လုပ်ငန်းဆောင်ရွက်ရန် ဤသဘောတူစာချုပ်ကို ချုပ်ဆိုကြပါသည်။

## ၁။ နိဒါန်း

**၁.၁** ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်အားသက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ (CA) အဖြစ် လုပ်ငန်းဆောင်ရွက်နိုင်ရန် ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ (၂၉) ရက် နေ့တွင် ကျင်းပသော အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့၏တတိယအကြိမ်အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ပြီး ၂၀၁၀ခုနှစ်၊ဇွန်လ၊ (၁) ရက် နေ့တွင် ရတနာပုံ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ (YCA)အဖြစ် လုပ်ငန်းလိုင်စင်ရရှိခဲ့ပါသည်။

**၁.၂** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များကို အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေနှင့်အညီ နိုင်ငံတွင်း ကျယ်ပြန့်စွာ အသုံးပြုနိုင်ရန်အတွက် ရတနာပုံသက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ " YCA " နှင့် သက်သေခံလက်မှတ်သုံးစွဲမည့်သူ "Subscriber" တို့သည် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်နှင့်သက်ဆိုင်သော ဝန်ဆောင်မှုပေးခြင်း၊ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်း၊ လိုက်နာရန်များကို သိရှိကြပြီး ဤသဘောတူစာချုပ်ကို ချုပ်ဆိုကြခြင်း ဖြစ်ပါသည်။

## ၂။ အဓိပ္ပါယ်ဖွင့်ဆိုချက်များ

ဤသဘောတူစာချုပ်ပါစကားရပ်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်းအဓိပ္ပါယ်ကောက်ယူရမည်ဖြစ်ပါသည်။

၂.၁ **"သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ (Certification Authority (CA))"** ဆိုသည်မှာ အီလက် ထရောနစ်ထိုးမြဲလက်မှတ်နှင့်စပ်လျဉ်း၍ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နိုင်ရန် ကြီးကြပ်မှုအဖွဲ့က အီလက်ထရော နစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေအရထုတ်ပေးထားသည့် လိုင်စင်ကို ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း ကို ဆိုလိုသည်။ ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်သည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ (YCA) အဖြစ်ဆောင်ရွက် လုပ်ကိုင်လျှက်ရှိပါသည်။

၂.၂ "မှတ်ပုံတင်ခွင့်လုပ်ပေးပိုင်ခွင့်ရှိသူ(Registration Authority (RA))" ဆိုသည်မှာ သက်သေခံလက်မှတ်လျှောက်ထားသူ၏ လျှောက်ထားလွှာပါ အကြောင်းအရာများ နှင့် ပါတ်သက်၍ လက်ခံဆောင်ရွက်မှတ်တမ်းတင်ခြင်း (Registration)၊ လျှောက်ထားသူ အမှန်တကယ် ဟုတ်မဟုတ်စစ်ဆေးခြင်း(Identification) နှင့် သက်သေခံမှု စစ်ဆေးခြင်း (Authentication) တို့အတွက် တာဝန်ယူဆောင်ရွက်ပေးသော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ RA သည် CA ၏ကိုယ်စား အချို့သောတာဝန်များ ကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

၂.၃ "သုံးစွဲသူ (Subscriber)"ဆိုသည်မှာ သက်သေခံလက်မှတ်တွင် PKI နည်းပညာအရ အမည် ဖော်ပြထား သောအီလက်ထရောနစ်ထိုးမြဲလက်မှတ်ရေးထိုးသူ အမှန်ဖြစ်ကြောင်း သတ်မှတ်ခြင်းခံရသည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုလိုသည်။

၂.၄ "သက်သေခံလက်မှတ် (Certificate)" ဆိုသည်မှာ ဒစ်ဂျစ်တယ် လက်မှတ်ရေးထိုးသူနှင့် ထိုးမြဲလက်မှတ်ဖန်တီးသော အချက်အလက်တို့၏ ဆက်နွယ်မှုကို သေချာစေသည့် အီလက်ထရောနစ် အချက်အလက်သတင်းလွှာကို ဆိုလိုသည်။ အဆိုပါသက်သေခံလက်မှတ်ဟုဆိုရာတွင် Root CA ၏သက်သေခံလက်မှတ်၊ YCA ၏ သက်သေခံလက်မှတ်၊ ငွားရမ်းသုံးစွဲသူတို့၏ သက်သေခံလက်မှတ်များ ပါဝင်သည်။

၂.၅ "သက်သေခံလက်မှတ်ပေါ်လစီ (Certificate Policy (CP))"ဆိုသည်မှာ သာမန်လုံခြုံမှု လိုအပ်ချက် များနှင့်အညီ အဖွဲ့အစည်းတစ်ခု သို့မဟုတ် အသုံးချမှုအဆင့်အတန်းတစ်ခုအတွက် သက်သေခံလက်မှတ် အသုံးပြု နိုင်မှုကို ဖော်ပြသော မူဝါဒ အစုအဖွဲ့ကို ဆိုလိုသည်။

၂.၆ "သက်သေခံလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ လိုက်နာကျင့်သုံးရမည့်နည်းလမ်းများ(Certification Practice Statement (CPS))" ဆိုသည်မှာ သက်သေခံလက်မှတ်ထုတ်ပေးရာတွင် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူမှ အသုံးပြုသည့်လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ ဖော်ပြချက်ကို ဆိုလိုသည်။

## ၃။ စာချုပ်ဝင်များ၏တာဝန်ဝတ္တရားများ

## ၃.၁ YCA ၏တာဝန်ဝတ္တရားများ

ဤ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များအရ ဒစ်ဂျစ်တယ်သက်သေခံလက်မှတ် အသုံးပြုမှုဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေး၊ သက်သေခံလက်မှတ်ရေးထိုးသူ/အချက်အလက်ပေးပို့သူနှင့် သုံးစွဲသူ/လက်ခံသူတို့အကြား အပြန်အလှန်စစ်ဆေးနိုင်ရန်ရည်ရွယ်၍ YCA သည် Subscriber များထံသို့ အောက်ဖော်ပြပါဝန်ဆောင်မှုများကို ပံ့ပိုးပေးမည် ဖြစ်ပါသည်။

**(က)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်လျှောက်ထားခြင်းကိုလက်ခံပြီးကနဦးမည်သူမည်ဝါဖြစ်ကြောင်း စစ်ဆေးခြင်း။

**(ခ)** YCA မှ Subscriber သို့ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ကိုအချက်အလက်များ မှန်ကန်စွာဖြင့် ထုတ်ပေး ခြင်း။

**(ဂ)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်များအား YCA ၏ Website တွင် Publish ပြုလုပ်ပေးခြင်း။

**(ဃ)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်သက်တမ်းတိုးပေးခြင်း။

**(င)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ပယ်ဖျက်ရန်တောင်းဆိုခြင်းအတွက်စစ်ဆေးခြင်းနှင့် အတည်ပြုပေးခြင်း။

**(စ)** သက်သေခံလက်မှတ်လျှောက်ထားခြင်း (သို့) သက်သေခံလက်မှတ်ပြုလုပ်ခြင်းတို့ကို စီမံဆောင်ရွက်ရာ၌ သက်သေခံလက်မှတ်မှ အချက်အလက်များကို သက်သေခံလက်မှတ်လျှောက်ထားခြင်းကိုအတည်ပြုသူ (သို့) သက်သေခံ လက်မှတ်ပြုလုပ်သူ၏သတိချို့ယွင်းမှုကြောင့်အမှားမပါစေခြင်း။

**(ဆ)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ယုံကြည်စိတ်ချရသောစနစ် (Trustworthy System) များကိုသာ အသုံးပြုရမည်ဖြစ်ပြီး မသက်ဆိုင်သူမှ ခွင့်ပြုချက်မရဘဲ ဝင်ရောက်ခြင်း၊ အသုံးပြုခြင်း မဖြစ်ပေါ်စေရန် လုံခြုံမှုရှိသည့် စီမံမှုများထားရှိဆောင်ရွက်ခြင်း။

**(ဇ)** သက်သေခံလက်မှတ်မှတ်တမ်းတိုက်တွင် Public Key Certificate များနှင့် ပယ်ဖျက်ထားသော သက် သေခံလက်မှတ်ပယ်ဖျက်စာရင်း (CRL) များကို သတ်မှတ်ချက်များအတိုင်းအချိန်နှင့်တပြေးညီUpdate ပြုလုပ်ပေးခြင်း။

## ၃.၂ Subscriber ၏တာဝန်ဝတ္တရားများ

**(က)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်လျှောက်ထားသူမှ ပေးသော အချက်အလက်များ၊ လျှောက်လွှာတွင် ရေးသွင်းသော အချက်အလက်များ၊ ပူးတွဲရမည့်စာရွက်စာတမ်းများအား မှန်ကန်စွာရေးသား၊ ဖြည့်စွက် ပူးတွဲတင်ပြရန်။

**(ခ)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ကို လျှောက်လွှာတင်သွင်းသူကိုယ်တိုင်လာရောက်ထုတ်ယူရန်။

**(ဂ)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ် အား Subscriber ကိုယ်တိုင် (သို့) Subscriber ၏ ခွင့်ပြုချက် မရရှိဘဲ Install မပြုလုပ်နိုင်ရန် သိမ်းဆည်းရန်။

(ဃ) ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်တွင် ပါဝင်သည့် Public Key နှင့်သက်ဆိုင်သော Private Key ကို အသုံးပြု၍ ရေးထိုးထားသော ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်တိုင်းသည် ၎င်းရမ်းသုံးစွဲသူ၏ Digital Signature ဖြစ်သည်။ သက်တမ်းကုန်ဆုံးခြင်း(သို့) ပယ်ဖျက်ခြင်းခံထားရသော အခြေအနေ မျိုးတွင် ထို ဒစ်ဂျစ်တယ်သက်သေခံ လက်မှတ်ကို အသုံးပြု၍ လက်မှတ်ရေးထိုးခြင်းမပြုရန်။

(င) Subscriber ၏ ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်အား ယင်းတွင်ဖော်ပြ ပါရှိသော Key Agreement အတိုင်းသာ အသုံးပြုရမည်။ YCA ၏သက်သေခံလက်မှတ်ကဲ့သို့ သက်သေခံလက်မှတ်များအား Sign ထိုးခြင်း၊ CRL လက်မှတ်ထိုးခြင်း မပြုလုပ်ရန်။

**(စ)** Subscriber သည် YCA ၏ CPS (https://www.yatanarponca.com.mm/download.html/ CPS) တွင် ပါရှိသည့် ခွင့်ပြုထားသည့် တရားဝင် ဥပဒေဆိုင်ရာရည်ရွယ်ချက်များ အတွက်သာ အသုံးပြုရန်။

**(ဆ)** ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်နှင့် Private Key File များကို တစ်ခြားသူများ အလွယ်တကူ သုံးစွဲခြင်း မပြုနိုင်ရန် သက်သေခံလက်မှတ်အသုံးပြုမည့် ကွန်ပျူတာကို သေချာစွာ ကာကွယ်ထားရန်။

**(ဇ)** Subscriber ၏ ယုံကြည်စွာလွှဲအပ်ခြင်းခံရသူ (သို့) Subscriber ၏ ကိုယ်စားလှယ်သည် အကြောင်း တစ်ခုခုကြောင့် အလုပ်မှနုတ်ထွက်သွားပါကလည်းကောင်း၊ သက်သေခံလက်မှတ် ပျောက်ဆုံးပါက လည်းကောင်း၊ ခိုးယူခံရသည်ဟုသံသယရှိပါကလည်းကောင်း YCA သို့ ချက်ချင်းအကြောင်းကြား၍ လိုအပ်ပါက ယင်းသက်သေခံ လက်မှတ်အားပယ်ဖျက်ရန်။

**(ဈ)** Subscriber သည် ပူးတွဲပါ AUP အား ဖတ်ရှုပြီး ယင်းအတိုင်းလိုက်နာဆောင်ရွက်ရန်။

## ၄။ သက်ဆိုင်ခြင်း

ဤ သဘောတူစာချုပ် သည် YCA မှ Subscriber သို့ဝန်ဆောင်မှုပေးသော Class 3 အမျိုးအစား Signing and Encryption ပြုလုပ်နိုင်သည့် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ကိုသုံးစွဲခြင်းအတွက်သာ အကျုံးဝင်/ သက်ဆိုင်သည်။

## ၅။ ဝန်ဆောင်မှုအတွက်အဖိုးအခပေးချေခြင်း

Subscriber သည် YCA မှ ပံ့ပိုးပေးသော Class 3 အမျိုးအစား၊ Signing and Encryption ပြုလုပ်နိုင်သည့် ဒစ်ဂျစ်တယ်သက်သေခံလက်မှတ်ဝန်ဆောင်မှုကို သုံးစွဲခြင်းအတွက် အဖိုးအခကို ပေးချေရာတွင် သက်သေခံလက်မှတ် ထည့်သွင်းယူဆောင်သည့်Storage Device (e-Token/ USB)အမျိုးအစားပေါ်မူတည်၍ အောက်ပါသတ်မှတ်ထားသည့် အတိုင်း ပေးချေရမည် ဖြစ်ပါသည်။

| | | |
|---|---|---|
| (က) အစိုးရဌာနဆိုင်ရာများ | ၃၀၀၀၀ ကျပ် (e-Token) | ၁၅၀၀၀ ကျပ် (USB) |

(ခ) အဖွဲ့အစည်း/ ပုဂ္ဂလိက ၄၀၀၀၀ ကျပ် (e-Token) ၃၀၀၀၀ ကျပ် (USB)

## ၅။ စာချုပ်စတင်အကျိုးသက်ရောက်သည့်နေ့နှင့်စာချုပ်သက်တမ်း

ဤသဘောတူစာချုပ်သည် စာချုပ်ဝင်များလက်မှတ်ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိပြီး စာချုပ်သက်တမ်းမှာ (၁)နှစ် ဖြစ်ပါသည်။

## ၆။ လွှမ်းမိုးသောဥပဒေ

ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တည်ဆဲဥပဒေများနှင့် အညီ အဓိပ္ပါယ်ဖွင့်ဆိုခြင်း၊ လိုက်နာဆောင်ရွက်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။

## ၇။ စာချုပ်ရုပ်သိမ်းခြင်း

ဤသဘောတူညီချက်ကို အောက်ဖော်ပြပါ အခြေအနေအဖြစ်အပျက် တစ်ရပ်ရပ်ပေါ်ပေါက်ပါက ရုပ်သိမ်းနိုင်ပါသည်။

- Subscriber မှ သက်တမ်းမပြည့်မီ မိမိသဘောအလျောက်စာချုပ်ရုပ်သိမ်းလိုခြင်း၊
- YCA မှ ၄င်းရမ်းသုံးစွဲသူ၏ သက်သေခံလက်မှတ်ခိုးယူခံရသည်ဟု သံသယရှိခြင်း၊
- သက်သေခံလက်မှတ်ကို တရားမဝင်ထုတ်ယူထားကြောင်းစစ်ဆေးတွေ့ရှိခြင်း၊
- သက်သေခံလက်မှတ်ကို တားမြစ်ထားသောကိစ္စရပ်များတွင်အသုံးခြင်း၊

## ၈။ လျှို့ဝှက်ထားရန်ဖြစ်သောကိစ္စများ

YCA သည် သက်သေခံလက်မှတ်လျှောက်ထားသူ၊ သက်သေခံလက်မှတ်သုံးစွဲသူနှင့် သက်ဆိုင်သည့် ကိုယ်ရေးအချက်အလက်များကိုလုံခြုံမှုရှိအောင် စီမံဆောင်ရွက်ထားရှိပါသည်။ ပုဂ္ဂိုလ်ရေးအချက်အလက်များ လျှို့ဝှက်ထားရန် အတွက် YCA ၏ CPS ရှိ စာမျက်နှာ (၅၆)၊ အပိုဒ် (၉.၄) ပါအတိုင်း ဆောင်ရွက်မည်ဖြစ်သည်။ ယင်း CPS ကို ( https://www.ytanarponca. com.mm/ download.html/ CPS) တွင်ဖော်ပြထားပါသည်။

## ၉။ အငြင်းပွားမှုကိုဖြေရှင်းခြင်း

စာချုပ်ဝင်များအကြား ၄င်းတို့၏ ရပိုင်ခွင့်၊ တာဝန်များနှင့် စပ်လျဉ်း၍ မည်သည့်အငြင်းပွားမှုများကိုမဆို နှစ်ဦးနှစ်ဘက်ကျေနပ်လက်ခံသည့် ညှိနှိုင်းတိုင်ပင်မှုများပြုလုပ်ရမည်။ အကယ်၍ ညှိနှိုင်းတိုင်ပင်မှုများဖြင့် မရရှိ ခဲ့လျှင်အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့နှင့် ကြီးကြပ်မှုအဖွဲ့သို့တင်ပြ၍ ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ကိုခံယူရပါမည်။

ဗဟိုအဖွဲ့၏ အဆုံးအဖြတ်ဖြင့် ပြီးပြတ်မှုမရှိပါ အနုညာတစီရင်ဆုံးဖြတ်မှုအက်ဥပဒေ (မြန်မာအက် ဥပဒေအမှတ် ၄၊ ၁၉၄၄ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။ အနုညာတစီရင်ဆုံးဖြတ်ချက်တွင် မအောင်မြင်သောဘက်မှ အနုပညာတစီရင်ဆုံးဖြတ်မှုအတွက် ကုန်ကျသောစရိတ်များကိုကျခံရမည်။

## ၁၀။ အာမခံခြင်း

YCA မှ သက်သေခံလက်မှတ် ပျက်စီးဆုံးရှုံးမှု အတွက်အောက်ပါအတိုင်း ပေးလျော်မှုများကို သတ်မှတ်ထားပါသည်။

(က) Class 3 (Type A) အမျိုးအစား (e-Token) အတွက် လျော်ကြေးငွေ ၆၀၀၀၀ ကျပ်

(ခ) Class 3 (Type B) အမျိုးအစား (USB) အတွက် လျော်ကြေးငွေ ၃၀၀၀၀ ကျပ်

## ၁၁။ အာမခံထားရှိခြင်းအပေါ်ကန့်သတ်ချက်များ

YCA သည်သက်သေခံလက်မှတ်သုံးစွဲမှုကြောင့်ဖြစ်ပေါ်သည့် တိုက်ရိုက်(သို့) တိုက်ရိုက်မဟုတ်သော၊ ထူးခြားသော၊ အပြစ်ပေးခံရမှုကြောင့် ဖြစ်ပေါ်လာသော ထိခိုက်ဆုံးရှုံးမှုများ၊ မတော်တဆကြောင့်ဖြစ်ပေါ်သော ပျက်စီးဆုံးရှုံးမှုများကို လည်းကောင်း၊ စစ်ပွဲများနှင့်သဘာဝဘေးအန္တရာယ်များကြောင့်၊ ဖြစ်ပေါ်သော ပျက်စီးမှုများအတွက်လည်းကောင်း၊ လျော်ကြေးငွေပေးခြင်း မပြုလုပ်ပါ။

ရတနာပုံတယ်လီပို့မှ ထုတ်ပြန်ထားသော Yatanarpon Protection Plan အပြင် Subscriber Agreement၊ Relying Party Agreement တို့တွင်ပါဝင်သောအာမခံတာဝန်ကန့်သတ်ချက်များမှအပ အကျုံးဝင်မည်မဟုတ်ပါ။ သက်သေခံလက်မှတ်ငှားရမ်းသုံးစွဲသူများ၏ Liability နှင့် Limitation ကို Yatanarpon Protection Plan၊ Subscriber Agreement နှင့် Relying Party Agreement တို့တွင်ဖော်ပြထားပြီး YCA ၏ Website ([https:// www.ytanarponca.com.mm/download.html/ CPS](https://www.ytanarponca.com.mm/download.html/CPS)) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

## ၁၂။ ဘာသာစကား

ဤသဘောတူစာချုပ်အား အဓိပ္ပါယ်ဖွင့်ဆိုချက်အားလုံးကို မြန်မာဘာသာစကားဖြင့် အတည်ပြုပါသည်။

## ၁၃။ အကြောင်းကြားစာ

စာချုပ်ဝင်များအကြား လိုအပ်သောဆက်သွယ်မှုများကို မြန်မာဘာသာဖြင့်ပေးပို့ရပါမည်။ အဆိုပါ အကြောင်း ကြားစာကို တံဆိပ်ခေါင်းကပ်ထားသောစာဖြင့်ဖြစ်စေ၊ ဖက်စ်ဖြင့်ဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ အောက် ပါ လိပ်စာများ (သို့မဟုတ်) တရားဝင် ပြောင်းလဲထားသောလိပ်စာများ အတိုင်း ရေးသားပေးပို့ရပါမည်။

## ၁၄။ အထွေထွေ

ဤသဘောတူစာချုပ်နှင့် YCA ၏ CPS ၊ YCA ၏ Website ပေါ် ပြဋ္ဌာန်းချက်များသည် တစ်ပေါင်းတစ်စည်းတည်း ဖြစ်သည်ဟုမှတ်ယူရမည်။ သဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ နှင့်နောက်ဆက်တွဲပါဖော်ပြချက်များ အကြား ကွဲလွဲချက်တစ်စုံတစ်ရာ ရှိပါက ဤသဘောတူစာချုပ်ပါ ပြဋ္ဌာန်းချက်များကသာလျှင်လွှမ်းမိုးမှုရှိစေရမည် ။

## ၁၅။ စာချုပ်လက်မှတ်ရေးထိုးခြင်း

စာချုပ်ဝင်များသည် ဤသဘောတူစာချုပ်ပါ စည်းကမ်းချက်များကို ကိုယ်တိုင်ဖတ်ရှုသိရှိပြီး အောက်ပါ သက်သေများ ရှေ့မှောက်တွင် အထက် ပထမစာမျက်နှာတွင် ရေးသားဖော်ပြထားသော နေ့၊ လ နှင့် ခုနှစ် တွင် ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်။

**ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်**

**(ကိုယ်စား)**

လက်မှတ်------------------------------

အမည်  ------------------------------

ရာထူး  -------------------------------

**သုံးစွဲသူ "Subscriber"**

**(ကိုယ်စား)**

လက်မှတ်---------------------------

အမည်-------------------------------

ရာထူး--------------------------------

**အသိသက်သေများ**

လက်မှတ် ------------------------------

အမည်- ------------------------------

ရာထူး- ------------------------------

လက်မှတ်---------------------------

အမည်-------------------------------

ရာထူး--------------------------------